**Karen National Union**
**Supreme Headquarters**
**Kawthoolei**
www.knuhq.org

# Statement on Informal Meeting between Delegation Led by KNU President Gen. Saw Mutu Say Poe and Tatmadaw Delegation led by Chief of Defense Services Senior Gen. Min Aung Hlaing

May 17, 2018

On May 17, 2018, an informal meeting was held at the Yangon Region Military Command between the 9-men delegation led by KNU President Gen. Saw Mutu Say Poe and Tatmadaw delegation led by Chief of the Defense Services, Senior Gen. Min Aung Hlaing.

The KNU delegation discussed about the current peace building process in Myanmar, and the resolution by peaceful and political means, without resort to arms, of the contacts and armed clashes taking place in the KNU area.

As a result of the informal meeting, Tatmadaw agreed to suspend the road construction in Lermu Plaw area, in the Brigade-5 region of Mudraw District, and to pull out the military units providing security for the road construction. The Tatmadaw also agreed not to harass the civilian populations displaced and accepted the return of the populations to their original places of habitat and livelihood.

In line with the principle and stand of resolving the political problem by political means, the KNU will strive on for the establishment of a union based on democratic and federal principles, in accordance with the results of the political dialogues.

Central Standing Committee
Karen National Union
Supreme Headquarters

Contacts:
Padoh Saw Gweh Htoo Win (+ 66 818076 279) (+95 94 22191941)
Padoh Saw Da Doh Mu (+66 605049113) (+ 95 9795887085)

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်
ကော်သူးလေ
www.knuhq.org

## ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ဥက္ကဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော တပ်မတော်ကိုယ်စားလှယ်အဖွဲ့ တို့၏ အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲ သတင်းထုတ်ပြန်ချက်

ရက်စွဲ- ၂၀၁၈ခုနှစ်၊ မေလ(၁၇)ရက်၊

ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး ဥက္ကဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး ဦးဆောင်သော အဖွဲ့ဝင်(၉)ဦး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် တပ်မတော် ကိုယ်စားလှယ် အဖွဲ့နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် ၂၀၁၈ ခုနှစ် မေလ(၁၇)ရက်၌ အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဖြစ်စဉ်များ၊ ကေအဲန်ယူ နယ်မြေအတွင်းဖြစ်ပေါ်နေသော ထိတွေ့မှု ဖြစ်စဉ်များ၊ ဖြစ်ပေါ်နေသော တိုက်ပွဲများ နှင့်ပတ်သက်ပြီး စစ်ရေးနည်းဖြင့် အဖြေရှာခြင်းမဟုတ်ဘဲ နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ ညှိနှိုင်း အဖြေရှာရေး အတွက် ဆွေးနွေးသွားကြသည်။

အလွတ်သဘောဆွေးနွေးပွဲရလဒ်အဖြစ် လက်ရှိ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ထိန်းချုပ်နယ်မြေ မူတရော်ခရိုင် တပ်မဟာ(၅) လယ်မူပလောဒေသတွင် တပ်မတော်မှ ဖောက်လုပ်နေဆဲဖြစ်သောကားလမ်းအား ဖောက်လုပ်ခြင်းမပြုတော့ဘဲ ရပ်ဆိုင်းထားရန် သဘောတူပြီး ကားလမ်းဖောက်လုပ်ရာတွင် လုံခြုံရေးတာဝန်ယူနေကြသည့် တပ်များအား ပြန်လည် ရုပ်သိမ်း သွားမည်ဖြစ်သည်။ ထိုဒေသရှိ ထွက်ပြေးတိမ်းရှောင်နေကြသော ပြည်တွင်းနေရပ်စွန့်ခွာရှောင်တိမ်းနေသူ ပြည်သူလူထုများအား တပ်မတော်မှ အနှောင့်အယှက်ပေးမည် မဟုတ်ဘဲ မိမိတို့၏ လုပ်ကိုင်စားသောက်ရာ နေရပ်ရင်း ကျေးရွာများသို့ အေးချမ်းစွာ ပြန်လည်အခြေချ နေထိုင်လုပ်ကိုင်သွားနိုင်ရေးကို သဘောတူလက်ခံခဲ့ကြသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းဖြင့် ဆွေးနွေးအဖြေရှာသွားမည် ဟူသည့် မူ ရပ်တည်ချက်အတိုင်း ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားမည် ဖြစ်သည်။

ဆက်သွယ်ရန် -
ပဒိုစောကွယ်ထူးဝင်း (+ ၆၆ ၈၁၈၀၀၇၆၂၇၉)(+၉၅ ၉၄၂၂၁၉၁၉၄၁)
ပဒိုစောတာဒိုမူး (+ ၆၆ ၆၀၅၀၄၉၁၁၃) (+၉၅ ၉၇၉၅၈၈၇၀၈၅)

ဗဟိုအမြဲတမ်းကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်